**သမတအိမ်တော်၊ ရန်ကုန်မြို့။**

# ၁၉၄၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရကာကွယ်နိုင်၊ ရယူနိုင်သောအခွင့်အရေးများရပ် ဆိုင်းထားခြင်းတချက်လွှတ်ဥပဒေ။

**၁၉၄၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၆။**

**၁၃၁၀ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်။**

**(၁၉၄၈ ခု၊ ဩဂုတ်လ ၁၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ၊ အောက်ဖေါ်ပြပါ တချက်လွှတ်ဥပဒေကို ထုတ် ပြန်ကျေညာသည်။

ပြည်သူ့လုံခြုံမှုအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၅ရှိ၊ ပုဒ်မခွဲ (၃) ပါ၊ ပြဋ္ဌာန်းချက်များအရ၊ ခံစားရသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများကို၊ ရပ်ဆိုင်းထားရန်လိုအပ်သည်ဟုနိုင်ငံတော်သမတက သဘောကျေနပ်သည်လည်း တကြောင်း။

ချက်ခြင်းအရေးယူ၍၊ အောက်ပါတချက်လွှတ်ဥပဒေကို ထုတ်ပြန်ကျေညာရန်အလွန်လိုအပ်သည်ဟု၊ နိုင်ငံတော်သမတက သဘောကျေနပ်သည်လည်းတကြောင်း။

ထိုအကြောင်းများကြောင့်၊ အောက်ပါတချက်လွှတ်ဥပဒေကို၊ ထုတ်ပြန်ကျေညာလိုက်သည်-

၁။ ။ (၁) ဤတချက်လွှတ်ဥပဒေကို၊ **၁၉၄၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ၊ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများကို၊ ရပ်ဆိုင်းထားခြင်း တချက်လွှတ်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤတချက်လွှတ်ဥပဒေသည်၊ နိုင်ငံတော်သမတကအခါကာလအားလျော်စွာ၊ အမိန့်ပြန်တမ်းတွင်၊ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့်နယ်မြေများတွင်အာဏာတည်စေရမည်။

၂။ ။ ဤတချက်လွှတ်ဥပဒေအာဏာတည်သည့်နယ်မြေအတွင်းတွင်၊ ဘမ်းဆီးခံရသူမည်သူမျှ၊ သို့တည်း မဟုတ် ထိုနယ်မြေအတွင်းရှိနေရာတခုခုတွင်ချုပ်ထားခြင်းခံရသူမည်သူမျှ တရားလွှတ်တော်ချုပ်သို့ အခွင့်အရေးနှင့်သင့်လျော်သည့်ရှေ့တော်သွင်း စာချွန်တော်အမိန့် (Habeas Corpus) သဘောမျိုးပါ သောအမိန့်ကို ထုတ်ပေးရန်လျှောက်ထားနိုင်သည့်အခွင့်အရေးမရမရှိစေရ။

၃။ ။ ဤတချက်လွှတ်ဥပဒေအာဏာတည်သည့်နယ်မြေတခုခုရှိ၊ စစ်ဘက်ဆိုင်ရာအာဏာပိုင်သို့သော် ၎င်း၊ အုပ်ချုပ်မှုအာဏာပိုင်သို့သော်၎င်း၊ အာဏာပေးစာချွန်တော်အမိန့် (Mandamus) တားမြစ်စေ၊ စာချွန်တော်အမိန့် (Prohibition ) အာဏာပိုင်မေးစာချွန်တော်အမိန့်(Quo Warranto) နှင့်အမှုခေါ် စာချွန်တော်အမိန့်(Certiorari) သဘောမျိုးပါသော အမိန့်များထုတ်ပေးနိုင်သည့် တရားလွှတ်တော်ချုပ် ၏အခွင့်အရေးကိုရပ်ဆိုင်းထားရမည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊



Myanmar Law Information System (MLIS)

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ ဝါခေါင်လဆန်း၁၅ ရက်။

(၁၉၄၈ ခု၊ဩဂုတ်လ ၁၉ ရက်)။

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၂၇]

Myanmar Law Information System (MLIS)